INDIANA DEPARTMENT OF WORKFORCE DEVELOPMENT

# UI အလုပ်အကိုင် ရှာဖွေမှု မှတ်တမ်းများ


လုပ်သားအင်အား ဖွံ့ဖြိုးတိုးတက်ရေးဌာန၏ UI အလုပ်ရှာဖွေမှု လုပ်ဆောင်ချက် မှတ်တမ်းများ မိတ်ဆက်က ကြိုဆိုပါသည်။

“DWD” ဟုလည်း သိကြသော လုပ်သားအင်အား ဖွံ့ဖြိုးတိုးတက်ရေးဌာနသည် အလုပ်လက်မဲ့ အာမခံ အကျိုးခံစားခွင့်များကို စီမံခန့်ခွဲရန်နှင့် အဆိုပါအကျိုးခံစားခွင့်များကို တောင်းဆိုသူများက အလုပ်ရှာဖွေမှု အပါအဝင် လိုအပ်ချက်အားလုံးကို ပြည့်မီကြောင်း သေချာအောင်စစ်ဆေးရန် တာဝန်ရှိပါသည်




အလုပ်လက်မဲ့ အကျိုးခံစားခွင့်များ၏ အရေးကြီးသော အစိတ်အပိုင်းမှာ သင့်အား အချိန်ပြည့်အလုပ် ပြန်လည်ရရှိစေရန် ကူညီပေးခြင်းဖြစ်သည်။ သတ်မှတ်ချက်ပြည့်မီမှုကို ဆက်လက်ထိန်းထားရန် သင့်အနေဖြင့် တစ်ပတ်လျှင် အနည်းဆုံး အလုပ်ရှာဖွေမှု လုပ်ဆောင်ချက် နှစ်ခုကို ပြီးမြောက်အောင် လုပ်ဆောင်ရမည်ဖြစ်ပြီး ၎င်းလုပ်ဆောင်ချက်များ၏ အသေးစိတ်ကို မှတ်တမ်းတင်ထားရမည်။

RESEA သည် တန်းတူအခွင့်အရေးပေးသည့် အစီအစဉ်တစ်ခု ဖြစ်ပါသည်။ မသန်စွမ်းသူများအတွက် အခမဲ့ အထောက်အကူပြု အကူအညီများနှင့် ဝန်ဆောင်မှုများကို တောင်းဆို၍ ရယူနိုင်သည်။
တယ်လီဖုန်းစာရိုက်စက်အသုံးပြုသူများအတွက် ခေါ်ဆိုရန်- 1-800 743-3333
အခမဲ့ စကားပြန်နှင့် ဘာသာပြန် ဝန်ဆောင်မှုများကိုလည်း တောင်းဆို၍ ရယူနိုင်ပါသည်။





သင့်အပတ်စဉ် ဘောက်ချာတွင် သင်သည် ထိုအပတ်အတွင်း အလုပ်ရှာဖွေမှု လုပ်ဆောင်ချက် နှစ်ခုကို ပြီးမြောက်ထားကြောင်း အတည်ပြုရပါမည်။ သင့်လျော်သော အလုပ်ရှာဖွေမှု လုပ်ဆောင်ချက်များသည် အချိန်ပြည့်အလုပ်ရရှိစေမည့် သို့မဟုတ် အချိန်ပြည့်အလုပ်ရရှိရန် အခွင့်အလမ်းပိုရစေမည့် လုပ်ဆောင်ချက်များ ဖြစ်ပါသည်

အလုပ်ရှာဖွေမှု လုပ်ဆောင်ချက်များတွင် အောက်ပါတို့ ပါဝင်ပါသည်-


- အလုပ်ဝင်ရန် အဆင်သင့်ဖြစ်ရေး ကြိုတင်ပြင်ဆင်ခြင်းနှင့် အလုပ်အကိုင် ချိတ်ဆက်ရှာဖွေရေး လုပ်ဆောင်ချက်များ
- အလုပ်ရှင်နှင့် ဆက်သွယ်မှု လုပ်ဆောင်ချက်များ
- WorkOne လုပ်ဆောင်ချက်များ
- အွန်လိုင်း လုပ်ဆောင်ချက်များ

ဤလုပ်ဆောင်ချက်အမျိုးအစားများတွင် နောက်လာမည့် ဆလိုက်အချို့တွင် ပိုမိုအသေးစိတ်ရှင်းပြပေးပါမည်။



အလုပ်ဝင်ရန် အဆင်သင့်ဖြစ်ရေး ကြိုတင်ပြင်ဆင်ခြင်းနှင့် အလုပ်အကိုင် ချိတ်ဆက်ရှာဖွေရေး လုပ်ဆောင်ချက်များတွင် အောက်ပါတို့ပါဝင်သည်-

- ကိုယ်ရေးအကျဉ်း ရေးသားဖန်တီးခြင်း
- မိတ်ဆက်ဖော်ပြစာ ရေးသားခြင်း
- LinkedIN အကောင့် သို့မဟုတ် အခြား ပရော်ဖက်ရှင်နယ် အလုပ်အကိုင် ချိတ်ဆက်ရှာဖွေရေး ဝက်ဘ်ဆိုက် အကောင့်တစ်ခုကို ဖွင့်ခြင်း/အပ်ဒိတ်လုပ်ခြင်း
- အလုပ်အကိုင်ပြပွဲ/အလုပ်အကိုင် ချိတ်ဆက်ရှာဖွေရေးပွဲများ တက်ရောက်ခြင်း





အလုပ်ရှင်နှင့် ဆက်သွယ်မှု လုပ်ဆောင်ချက်များတွင် အောက်ပါတို့ပါဝင်သည်-

•လစ်လပ်အလုပ်နေရာရှိနေသော သို့မဟုတ် လစ်လပ်အလုပ်နေရာရှိမည်ဟု မျှော်လင့်ရသော အလုပ်ရှင်ထံ အလုပ်လျှောက်လွှာတင်ခြင်း
•ပြည်နယ် လုပ်သားရေးရာ ဝန်ထမ်းများ သို့မဟုတ် အလုပ်လက်မဲ့အာမခံဆိုင်ရာ ဝန်ထမ်းများ၏ ညွှန်ကြားချက်အတိုင်း အလုပ်ရည်ညွှန်းလွှဲပြောင်းမှုများ သို့မဟုတ် အလုပ်အကိုင် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုများကို လိုက်နာဆောင်ရွက်ခြင်း
•လစ်လပ်အလုပ်နေရာရှိသော သို့မဟုတ် လစ်လပ်အလုပ်နေရာရှိမည်ဟု မျှော်လင့်ရသော အလုပ်ရှင်များထံ ဆက်သွယ်ခြင်း သို့မဟုတ် ကိုယ်တိုင်သွားရောက်ခြင်း။
•အလုပ်အင်တာဗျူးဝင်ခြင်း
•လုပ်ငန်းခွင်တွင် အတူလိုက်လေ့လာ၍ သင်ယူစေခြင်း





WorkOne လုပ်ဆောင်ချက်များတွင် အောက်ပါတို့ ပါဝင်သည်-

- WorkOne (အလုပ်အကိုင် ပြန်လည်ရရှိရေး ဝန်ဆောင်မှု) မိတ်ဆက်ရှင်းလင်းပွဲ တက်ရောက်ခြင်း
- WorkOne တွင် အလုပ်အကိုင် ပြန်လည်ရရှိရေး အစီအစဉ်ရေးဆွဲခြင်း
- WorkOne ကနဦးအင်တာဗျူး သို့မဟုတ် နောက်ဆက်တွဲအစည်းအဝေးကို တက်ရောက်ခြင်း
- WorkOne အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်ပြီးစီးခြင်း
- အကဲဖြတ်ချက်/စစ်ဆေးမှု (TABE၊ Accuplacer၊ WorkKeys စသည်) ကို ဖြည့်စွက်ပြီးစီးခြင်း
- WorkOne တွင် မိတ်ဖက်အစီအစဉ်များက ပံ့ပိုးပေးသော အလုပ်အကိုင်နှင့် လေ့ကျင့်ရေး ဝန်ဆောင်မှုများအတွက် လျှောက်ထားခြင်း သို့မဟုတ် ၎င်းတို့တွင် ပါဝင်ခြင်း




အွန်လိုင်း လုပ်ဆောင်ချက်များတွင် အောက်ပါတို့ ပါဝင်သည်-

•Indiana Career Connect တွင် သင့်ကိုယ်ရေးအကျဉ်းကို တင်ခြင်း
•Indiana Career Connect တွင် အလုပ်အတွက် စာရင်းသွင်းခြင်း
•CSS တွင် Indiana အလုပ်ရှာဖွေရေးစနစ်ဖြစ်သော Pivot ကို နှိပ်ခြင်း
•အွန်လိုင်းတွင် အလုပ်ရှာခြင်း (Indiana Career Connect၊ Indeed၊ LinkedIn၊ Monster စသည်)
•(Indiana Career Connect၊ Indiana Career Explorer စသည်တို့မှတစ်ဆင့်)
အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်ဆိုင်ရာ အကဲဖြတ်ချက်ကို ဖြည့်စွက်ပြီးစီးခြင်း
•ပြည်တွင်းအလုပ်သမားဈေးကွက်ဆိုင်ရာ အချက်အလက်များ ရှာဖွေခြင်း
•အွန်လိုင်း အလုပ်ရှုံဆွေးနွေးပွဲကို တက်ရောက်ပြီးစီးခြင်း





သင်အပတ်စဉ်ပြီးမြောက်အောင် ဆောင်ရွက်သော အလုပ်ရှာဖွေမှု လုပ်ဆောင်ချက်များ၏ အသေးစိတ်မှတ်တမ်းများကို သိမ်းဆည်းထားရန် DWD က သတ်မှတ်ထားပါသည်။ သင့်အနေဖြင့် https://www.in.gov/dwd/indiana-unemployment/individuals/work-search/ တွင် ရရှိနိုင်သော အလုပ်ရှာဖွေမှု လုပ်ဆောင်ချက် မှတ်တမ်းပုံစံကို အသုံးပြုနိုင်ပါသည်။

သင်သည် ထိုပုံစံဖောင်ကို အီလက်ထရောနစ်နည်းဖြင့် ဖြည့်စွက်ပြီး ပရင့်ထုတ်နိုင်သည် သို့မဟုတ် သင့်စက်တွင် သိမ်းဆည်းထားနိုင်သည်။ မှတ်တမ်းကို ပရင့်ထုတ်ကာ လက်ဖြင့်လည်း ရေးသားဖြည့်စွက်နိုင်သည်။


သင်ပြီးမြောက်အောင် ဆောင်ရွက်သော လုပ်ဆောင်ချက်တစ်ခုစီအတွက် အောက်ပါအချက်အလက်များကို မှတ်တမ်းတင်ထားရန် လိုအပ်ပါသည်-

- လုပ်ဆောင်ချက်
- လုပ်ဆောင်ချက်ပြီးမြောက်သည့်ရက်စွဲ
- လုပ်ဆောင်ချက် သို့မဟုတ် အလုပ်ရှင်၏ အမည်
- လုပ်ဆောင်ချက် သို့မဟုတ် အလုပ်ရှင်၏ တည်နေရာ
- လုပ်ဆောင်ချက် သို့မဟုတ် အလုပ်ရှင်၏ ဆက်သွယ်ရန်အချက်အလက်
    - အမည်
    - ဖုန်းနံပါတ်
    - အီးမေးလ်
    - ဝဘ်လင့်ခ်




သင်အကျိုးခံစားခွင့်လျှောက်ထားစဉ် မည်သည့်အချိန်တွင်မဆို သင့်အလုပ်ရှာဖွေမှု လုပ်ဆောင်ချက်များကို ပြန်လည်သုံးသပ်ပြီး အတည်ပြုရန် DWD က တောင်းဆိုနိုင်ပါသည်။ သင့်လုပ်ဆောင်ချက်များကို မပြည့်စုံ သို့မဟုတ် မမှန်ကန်ဟု တွေ့ရှိပါက သင့်အကျိုးခံစားခွင့်များ ရရှိခွင့်မှ ငြင်းပယ်ခံရနိုင်ပါသည်။ အလုပ်အကိုင် ပြန်လည်ရရှိရေး ဝန်ဆောင်မှုများအတွက် **WorkOne အလုပ်အကိုင်စင်တာ**သို့ လူကိုယ်တိုင်သွားရောက်ရန် စီစဉ်ထားသည့်အခါ သင့်အနေဖြင့် ယခင်အပတ်များ၏ မှတ်တမ်းများကို ပြသရန် လိုအပ်ပါမည်။

သင့်အလုပ်ရှာဖွေမှု လှုပ်ဆောင်ချက်ကို သက်သေပြရန် အလုပ်ရှာဖွေမှု မှတ်တမ်းများ၊ အတည်ပြုအီးမေးလ်များ သို့မဟုတ် စာရွက်စာတမ်းများအားလုံးကို အဆိုပါ အလုပ်ရှာဖွေမှု လုပ်ဆောင်ချက်အား ပြုလုပ်ပြီးနောက် (6) လကြာအထိ သိမ်းဆည်းထားပါ။




**WorkOne သည် တန်းတူအခွင့်အရေးပေးသည့် အစီအစဉ်/အလုပ်ရှင် ဖြစ်ပါသည်။**

အခမဲ့ အထောက်အကူပြု အကူအညီများနှင့် ဝန်ဆောင်မှုများကို တောင်းဆို၍ ရယူနိုင်သည်။
ဘာသာစကားဆိုင်ရာ ဘာသာပြန် ဝန်ဆောင်မှုများသည်လည်း အခမဲ့ဖြစ်ပါသည်။

**သင်သည် ခွဲခြားဆက်ဆံခံရသည်ဟု ထင်ပါက စွပ်စွဲထားသော ချိုးဖောက်မှုဖြစ်ပွားသည့်ရက်မှ ရက်ပေါင်း 180 အတွင်း တိုင်ကြားချက် တင်သွင်းနိုင်သည်။**

သင်၏ ဒေသတွင်း WorkOne ရုံးမှတစ်ဆင့် သင့်ဒေသဆိုင်ရာ EO အရာရှိကို ဆက်သွယ်ပါ။

သို့မဟုတ် တိုင်ကြားချက်ကို အောက်ပါလိပ်စာသို့ ပေးပို့ပါ-

Director, Civil Rights Center (CRC)

U.S. Department of Labor

200 Constitution Avenue NW


Room N- 4123, Washington, DC 20210

**ဤဗီဒီယိုပါ အကြောင်းအရာများအတွက် RESEA နှင့်သက်ဆိုင်သော မေးမြန်းစရာများရှိပြီး DWD ဝက်ဘ်စာမျက်နှာတွင် အဖြေမတွေ့ပါက လာမည့် တစ်ဦးချင်းတွေ့ဆုံချိန်အတွင်း သင့်အလုပ်အကိုင် ဝန်ဆောင်မှု လမ်းညွှန်သူကို မေးမြန်းနိုင်ပါသည်။**



in.gov/dwd/indiana-unemployment/resea

ဤဗီဒီယိုပါ အကြောင်းအရာများနှင့်ပတ်သက်၍ မေးမြန်းစရာများရှိပြီး DWD ဝက်ဘ်စာမျက်နှာတွင် အဖြေမတွေ့ပါက လာမည့် တစ်ဦးချင်းတွေ့ဆုံချိန်အတွင်း သင့်အလုပ်အကိုင် ဝန်ဆောင်မှု လမ်းညွှန်သူကို မေးမြန်းနိုင်ပါသည်။




WorkOne ၏ ဒုတိယမြောက် မဖြစ်နေကြည့်ရမည့် ဗီဒီယိုဖြစ်သော UI အလုပ်အကိုင် ရှာဖွေမှု မှတ်တမ်းများကို သင်ကြည့်ရှုပြီးဖြစ်ပါသည်။ ကျေးဇူးပြု၍ တတိယမြောက် မဖြစ်မနေကြည့်ရှုရမည့် ဗီဒီယိုဖြစ်သော Indiana Career Connect အလုပ်ရှင်နှင့် အလုပ်သမား ဆက်သွယ်ရေးစနစ်ကို ကြည့်ပါ။